# ၂၀၁၇ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**ပထဝီဝင်** **ခွင့်ပြုချိန် (၃)နာရီ**

**သတိပြုရန်။** ။ **အဖြေများကို စာအုပ်တွင်ဖြေပါ။ အပိုင်း(က)နှင့် အပိုင်း(ခ)မှ မေးခွန်းအားလုံး ဖြေဆိုရမည်ဖြစ်ပြီး၊ကျန်အပိုင်းတစ်ပိုင်းစီမှတစ်ပုဒ်စီ စုစုပေါင်း(၆)ပုဒ် ဖြေဆိုရမည်။ လိုအပ်သည့်နေရာများတွင် မြေပုံ၊ ပုံကြမ်းနှင့် သရုပ်ပြပုံများရေးဆွဲပါ။**

## အပိုင်း(က)

အောက်ပါတို့ကိုအားလုံးဖြေဆိုပါ။ (၁၅)မှတ်

၁။(က) အောက်ပါဖော်ပြချက်များကိုအမှားအမှန်ရွေး၍ မှန်လျှင်'မှန်'ဟုရေးပြီး မှားလျှင် 'မှား'ဟုရေးပါ။ (၅)မှတ်

(၁) သက်ရှိရုပ်ကြွင်းများကို လေ့လာခြင်းဖြင့် အနည်ကျကျောက်များ၏ သက်တမ်းကိုခန့်မှန်းနိုင်သည်။

(၂) အာရှတိုက်တွင် ဂျပန်နိုင်ငံသည် သံ၊သံမဏိလုပ်ငန်း အဖွံ့ဖြိုးဆုံးဖြစ်သည်။

(၃) လှိုင်မြို့နယ်တွင် ကြက်ဆူဆီစက်ရုံနှင့် စပါးလင်ဆီစက်ရုံတို့တည်ရှိသည်။

(၄) ဂျပန်နိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာအတွင်း၌ရှိသည်။

(၅) ပုံပြစကေးများရေးဆွဲရာတွင် အပိုင်းသုံးပိုင်း ဆောင်ရွက်ရန်ရှိသည်။

(ခ) အောက်ပါတို့ကိုဖြည့်စွက်ရေးသားပါ။ (၅)မှတ်

(၁) လျောင်များ၏ ---- ရာခိုင်နှုန်းခန့်သည် မြေမျက်နှာပြင်မှ ငါးမိုင်အနက်တွင် စတင်ဖြစ်ပေါ်သည်။

(၂) အာရှတွင် ကမ္ဘာ့မီးရထားလမ်းမိုင်ပေါင်း၏ ---- ရာခိုင်နှုန်းရှိသည်။

(၃) ဘော်တွင်းသတ္တုတွင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း ---- မြို့နယ်တွင်ရှိသည်။

(၄) မဲလဘုန်းမြို့သည် ---- ပြည်နယ်၏ မြို့တော်ဖြစ်သည် ။

(၅) လတ္တီကျုနှင့်လောင်ဂျီကျုမျဉ်းများကို ---- ဟုခေါ်သည်။

(ဂ) အောက်ပါတို့အနက်မှ အဖြေမှန်ရွေးပါ။ (၅)မှတ်

(၁) ကမ္ဘာ့အကြီးဆုံး ရေခဲမြစ်မှာ ---- တိုက်ရှိ ဘီယာ့ဒ်မိုးရေခဲမြစ် ဖြစ်သည်။
(က) အာရှ (ခ) ဥရောပ (ဂ) အန္တာတိက

(၂) ကမ္ဘာ့ငွေကြေးစနစ်တွင် ---- ကို 'စံ'အဖြစ် အသုံးပြုသည်။
(က) ရွှေ (ခ) ဒေါ်လာ (ဂ) ယွမ်

(၃) ကျောက်တော်သကြားစက်သည် ---- ပြည်နယ်တွင်ရှိသည်။
(က) ကယား (ခ) ကချင် (ဂ) ရခိုင်

(၄) အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်ပေါင်း ---- ရှိသည်။
(က) ၄၉ (ခ) ၅၀ (ဂ) ၅၂

(၅) ရှေ့နောက်ကပ်လျက်ရှိသော ဓာတ်ပုံနှစ်ပုံကို ---- ဟုခေါ်သည်။
(က) သုံးဘက်တိုင်း (ခ) စတီရီယိုစုံတွဲ (ဂ) ထပ်ဇရိယာ

[တစ်ဖက်သို့

## အပိုင်း (ခ) သဘာဝပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၂။ အနည်ကျကျောက်များ ဖြစ်ပေါ်လာပုံနှင့် ဖွဲ့စည်းပုံ၊ တွေ့ရှိမှုနှင့်သက်တမ်းခန့်မှန်းနိုင်ပုံတို့ကိုရေးသားပါ။

၃။ မြေရွေ့ခြင်းဖြစ်ပေါ်စေသော အကြောင်းရင်းများကိုရေးပါ။

၄။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) ကမ္ဘာ့မိုးတောင်ဒေသများနှင့် မြန်မာနိုင်ငံရှိ မိုးတောင်ဒေသများ

( ခ) မြေဆီလွှာဒေါင်လိုက်အနေအထား

( ဂ) လခြမ်းပုံသဲခုံများ

(ဃ) ရေခဲမြစ်များနှင့်ဆက်စပ်ဖြစ်ပေါ်သောရေအိုင်များ

## အပိုင်း (ဂ) စီးပွားရေးပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၅။ စားသောက်ကုန်လုပ်ငန်းများ အကြောင်းကိုပြည့်စုံစွာဖြေပါ။

၆။ ပြည်တွင်းကုန်သွယ်ရေးနှင့် ကုန်သွယ်သည့်ပစ္စည်းများကို ရေးသားပါ။

၇။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) အဖြိုက်နက် နှင့် မိုလစ်ဒီနမ်

( ခ) အာရှ ၊မြောက်အမေရိက နှင့်အခြားကျောက်မီးသွေးဒေသများ

( ဂ) စက်မှုလက်မှုလုပ်ငန်း၏အဓိပ္ပါယ်နှင့်ဖွံ့ဖြိုးရန် တွန်းအားပေးသည့်အချက်များ

(ဃ) အာရှ လေကြောင်းခရီးလမ်းများ

## အပိုင်း (ဃ) မြန်မာနိုင်ငံပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၈။ မြန်မာနိုင်ငံ၏သတ္တုနှင့် ရေနံထွက်ပစ္စည်းလုပ်ငန်းများအကြောင်းကို ရေးသားပါ။

၉။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဧရာဝတီမြစ်၏အရေးပါပုံကိုရေးပါ။

၁၀။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) မြန်မာ့အဖိုးတန်တွင်းထွက်သတ္တုများမှ ရွှေနှင့်ပလက်တီနမ်

( ခ) အိမ်သုံးကုန်ပစ္စည်းလုပ်ငန်းများ

( ဂ) ရန်ကုန်-ပြည်နှင့် ပဲခူး-မော်လမြိုင်ရထားလမ်း

(ဃ) ပြည်ပမှသွင်းကုန်များ

## အပိုင်း (င) ကမ္ဘာ့ပထဝီဝင်

အောက်ပါတို့အနက်မှ(၁)ပုဒ်ဖြေပါ။ (၁၅)မှတ်

၁၁။ ဩစတြေးလျနိုင်ငံ၏ တည်နေရာ၊ အကျယ်အဝန်းနှင့် လူမှုရေးပထဝီဝင်ကိုရေးပါ။

၁၂။ ပြင်သစ်နိုင်ငံ၏ ပို့ဆောင်ဆက်သွယ်ရေးအကြောင်းကိုရေးပါ။

၁၃။ အောက်ပါတို့အနက်မှ (၂) ပုဒ်ကိုမှတ်စုတိုရေးပါ။

(က) အမေရိကန်ပြည်ထောင်စု၏ အနောက်ပိုင်းတောင်တန်းဒေသ

( ခ) ဂျပန်နိုင်ငံ၏ ငါးဖမ်းလုပ်ငန်း

( ဂ) ဗြိတိန်နိုင်ငံ၏ မြို့ကြီးများ

(ဃ) ဂျာမနီနိုင်ငံ၏ စက်မှုလုပ်ငန်း

## အပိုင်း (စ) လက်တွေ့ပထဝီဝင်

အောက်ပါတို့ကိုအားလုံးဖြေပါ။ (၂၅)မှတ်

၁၄။ (က) ဓာတ်ပုံပေါ်တွင် သစ်ပင်နှစ်ပင်သည် ၄.၅လက်မကွာဝေးပြီး ဓာတ်ပုံစကေးမှာ ၁း၆၀၀၀ ဖြစ်လျှင် ထိုသစ်ပင်နှစ်ပင်၏ မြေပြင်အကွာအဝေးကိုကိုက်ဖြင့်ပြပါ။ (၁၀)မှတ်

(ခ) ပေးထားသောကွန်တိုမြေပုံကို သေချာစွာလေ့လာပြီး အောက်ပါတို့ကိုဖြေဆိုပါ။ (၁၅)မှတ်

(၁) 'က' မှ 'ခ' သို့ဖြတ်ပိုင်းပုံရေးဆွဲပါ။

(၂) မြေပုံပါဒေသ၏ လတ္တီကျု လောင်ဂျီကျုများနှင့်ဧရိယာ(စတုရန်းမိုင်) ကိုရှာပါ။

(၃) မြေပုံပါဒေသ၏ မြို့ပြကျေးရွာများနှင့်ပို့ဆောင်ဆက်သွယ်ရေးကိုရေးပါ။

